# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
# နေ့စဉ်ဈေးကွက်သတင်းလွှာ

myantrade

September 30, 2019 Volume 23, Number 21


၃၀.၉.၂၀၁၉

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၄၉၃ /-US$ |
| မြန်မာ့ရွှေဈေး | = ၁၂၂၇၅၀၀/- ကျပ် |
| ဒေါ်လာဈေး | = ၁၅၃၄/- ကျပ် |
| CBM Rate | = ၁၅၃၂.၈ /ကျပ် |
| ယူရို တစ်ယူရို | = ၁၆၇၅.၉ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၁၀၈.၆ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၁၈၈၉.၅ ကျပ် |
| ဂျပန်ယန်းတစ်ရာ | = ၁၄၂၀.၄ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၀၃၅.၁ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၁၄.၆၄ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၁.၆၆၇ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၂၇.၈၀ ကျပ် |
| မလေးရှားရင်းဂစ် | = ၃၆၅.၈၂ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၅၀.၁၁၆ ကျပ် |

Source: CBM Rate, etrademyanmar.com


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.org
myantradetir2016@gmail.com


## ပဲနှင့်ဆီထွက်သီးနှံဈေးကွက်ဖွံ့ဖြိုးရေး ဆွေးနွေးပွဲရလဒ်ကို သက်ဆိုင်ရာသို့ တင်ပြမည်

အရာတော်မြို့တွင် ကျင်းပသည့် ပဲမျိုးစုံနှင့်ဆီထွက်သီးနှံ ဈေးကွက်ဖွံ့ဖြိုးရေး အလုပ်ရုံဆွေးနွေးပွဲမှ ထွက်ပေါ်လာသောရလဒ်များကို ဖြည့်ဆည်းရန် သက်ဆိုင်ရာသို့ တင်ပြမည်ဖြစ်ကြောင်း စစ်ကိုင်းတိုင်းဒေသကြီး စားသုံးသူရေးရာဦးစီးဌာန တိုင်းဦးစီးမှူး ဦးခင်မောင်လှိုင်ကပြောသည်။ စားသုံးသူရေးရာဦးစီးဌာနသည် ပဲမျိုးစုံနှင့်ဆီထွက်သီးနှံစိုက်ပျိုးသူများ၊ ကုန်သည်များက နည်းစနစ်ကျသော စိုက်ပျိုးထုတ်လုပ်ခြင်းနှင့် သိုလှောင်တင်ပို့ရောင်းချခြင်းကိုသိ၍ ဒေသ၏လိုအပ်ချက်ကို ဖော်ထုတ်ညှိနှိုင်းဆောင်ရွက်ရန် အထက်ပါအလုပ်ရုံဆွေးနွေးပွဲကို စက်တင်ဘာ ၂၄ ရက်တွင် အရာတော်မြို့ အခြေခံအထက်တန်းကျောင်းရှိ ဆရာစံခန်းမ၌ ကျင်းပခဲ့သည်။ ဒီအလုပ်ရုံဆွေးနွေးပွဲမှာ တောင်သူတွေရယ်၊ ကုန်သည်လုပ်ငန်းရှင်တွေရယ်၊ အစိုးရနဲ့ဌာနဆိုင်ရာအဖွဲ့တွေ ပူးပေါင်းညှိနှိုင်းဆွေးနွေးပြီး ရလဒ်ဖော်ထုတ်ခဲ့တယ်။ ဆွေးနွေးပွဲရလဒ် ၁၅ ခု လောက်ရတယ်။ အဲဒီရလဒ်တွေကို သက်ဆိုင်ရာအစိုးရအဖွဲ့နဲ့ စီးပွားကူးသန်းတို့ကို တင်ပြပေးမယ်ဟု ဦးခင်မောင်လှိုင်ကပြောသည်။

ပဲမျိုးစုံစိုက်ဧက တစ်သိန်းကျော်နှင့် ဆီထွက်သီးနှံ ဧကခုနစ်သောင်းခန့် စိုက်ပျိုးသော အရာတော်မြို့နယ် ဒေသခံတောင်သူများက ပြည်တွင်း၊ ပြည်ပဈေးကွက်ဖော်ဆောင်ရေး၊ ဈေးကွက်တည်ငြိမ်ရေး၊ မျိုးကောင်းမျိုးသန့်စိုက်ပျိုးရေးနည်းပညာနှင့် အရင်းအနှီးရရှိရေး နည်းစနစ်မှန်ကန်သော စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချနိုင်ရေးဆွေးနွေးခဲ့ကြောင်း ဦးခင်မောင်လှိုင်ကပြောသည်။

ပဲစိုက်တောင်သူများ အခက်အခဲကို အရာတော်မြို့နယ် သစ်ကျင်းကြီးကျေးရွာနေ တောင်သူဦးဇော်မျိုးလွင်က တောင်သူအခက်အခဲကတော့ မိုးလေဝသမမှန်တာပေါ့။ ပဲစိုက်ချိန်ကာလတုန်းက တည်ငြိမ်မှုမရှိတော့ တောင်သူတွေက ပဲစိုက်ဖို့ အားထည့်တာနည်းခဲ့တယ်။ စိုက်ပြန်တော့လည်း မိုးနည်းတော့ ဖြစ်ထွန်းသင့်သလောက် မဖြစ်ထွန်းခဲ့ဘူး။ သီးနှံဈေးအာမခံချက်ရှိရင် သီးနှံအထွက်နှုန်းနဲ့ တွက်ချက်ပြီး စံချိန်စံညွှန်းပြည့်မီအောင် စိုက်နိုင်တာပေါ့။ အခုက တောင်သူက သီးနှံထွက်ရင် ကိုက်မှကိုက်ပါ့မလား စိတ်တထင့်ထင့်နဲ့ စိုက်နေရတယ်ဟုပြောသည်။ အရာတော်မြို့နယ် သစ်ကျင်းကြီးကျေးရွာတွင် ပဲဈေးကွက်မတည်ငြိမ်သဖြင့် လျှော်ဖြူစိုက်ခင်း ပြောင်းလဲစိုက်ပျိုးသူများရှိကြောင်း ဦးဇော်မျိုးလွင်ကပြောသည်။

Source: https://7daydaily.com/story/167201

## နည်းပညာမြင့် စိုက်ပျိုးရေးထုတ်ကုန်များ တိုးမြှင့်ထုတ်လုပ်နိုင်ရေး အလေးထားဆွေးနွေး

အာဆီယံနိုင်ငံများတွင် နည်းပညာမြင့် စိုက်ပျိုးရေးထုတ်ကုန်များ တိုးမြှင့်ထုတ်လုပ်နိုင်ရေးအတွက် နည်းပညာ ပူးပေါင်းဆောင်ရွက်မှုများ၊ ကုန်သွယ်ဖက်နိုင်ငံအချင်းချင်း အသိအမှတ်ပြုလက်ခံသည့် စံသတ်မှတ်ချက် (Mutual Recognition Agreement–MRA)၊ အစီအမံ များ၊ လုပ်ထုံးလုပ်နည်းများညှိနှိုင်းသတ်မှတ်ခြင်းတို့ကို ပိုမိုတိုးမြှင့်ဆောင်ရွက်သွားကြရန် ၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ ၂၃ ရက်နေ့တွင် အမေရိကန်နိုင်ငံ၊ ဝါရှင်တန်မြို့ရှိ ဗီယက်နမ်သံရုံး၌ ကျင်းပခဲ့သည့် အာဆီယံနိုင်ငံများနဲ့ အမေရိကန်–အာဆီယံစီးပွားရေးကောင်စီတို့ ပူးပေါင်းကျင်းပကြတဲ့ ၂၀၁၉ ခုနှစ်၊ စိုက်ပျိုးရေးသံမှူးများ ဆွေးနွေးပွဲ (2019 ASEAN Agricultural Attache' Roundtable) တွင် အလေးထားဆွေးနွေးခဲ့ကြပါတယ်။ ဆွေးနွေးပွဲတွင် အလှည့်ကျဥက္ကဋ္ဌဖြစ်သည့် ဗီယက်နမ်သံရုံးမှ စီးပွားရေးသံမှူးကြီး Mr. Nguyen Dang Trung က အာဆီယံသည် တရုတ်နိုင်ငံပြီးလျှင် အမေရိကန် ပြည်ထောင်စုသို့ ဒုတိယစားသောက်ကုန် အများဆုံးတင်ပို့သည့်နိုင်ငံများဖြစ်ကြောင်း၊ အာဆီယံနိုင်ငံများအနေဖြင့် ဖွံ့ဖြိုး တိုးတက်သည့် နိုင်ငံများသို့ စိုက်ပျိုးရေးထုတ်ကုန်များ တင်ပို့ရာတွင် နည်းပညာမြင့်ထုတ်ကုန်များ တိုးတက်တင်ပို့နိုင်ရေးကို ပိုမိုကြိုးပမ်း ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ နောက်နှစ်တွင် ဗီယက်နမ်နိုင်ငံသည် အာဆီယံဥက္ကဋ္ဌ တာဝန်ထမ်းဆောင်သည့်အခါ လက်ရှိဆွေးနွေးနေသည့် Smart City အကောင်အထည်ဖော်ရေးအပြင် နည်းပညာမြင့်စိုက်ပျိုးရေးထုတ်ကုန်များ တိုးမြှင့်ထုတ်လုပ်ရေးကိုလည်း ထည့်သွင်းကာ ညှိနှိုင်းဆွေးနွေးသွားမည်ဖြစ်ကြောင်း နှုတ်ခွန်းဆက်စကား၌ ထည့်သွင်း ပြောကြားသွားပါတယ်။ လက်ရှိတွင် အမေရိကန်–အာဆီယံ ကုန်သွယ်မှုတွင် စိုက်ပျိုးရေးထုတ်ကုန်များ ကုန်သွယ်မှု လျှင်မြန် ချောမွေ့စေရေးနှင့်နည်းပညာဆိုင်ရာကိစ္စရပ်များတွင် စိန်ခေါ်မှုတချို့ ရင်ဆိုင်နေရပြီး ယင်းတို့ကို ဖြေရှင်းကျော်လွှားနိုင်ဖို့ ပူးပေါင်း ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ဘရူနိုင်းနိုင်ငံတွင်ကျင်းပမည့် အာဆီယံစိုက်ပျိုးရေးဝန်ကြီးများ အစည်းအဝေးအတွက် ပြင်ဆင်မှုများဆောင်ရွက်လျက်ရှိကြောင်း၊ အစည်းအဝေးကာလအတွင်း နယ်ပယ်အသီးသီးအတွက် အစည်းအဝေး ငယ်များ စွာလည်း ကျင်းပသွားမည်ဖြစ်ကြောင်း၊ ထို့ပြင် အာဆီယံနိုင်ငံတိုင်းနှင့်လည်း နှစ်နိုင်ငံသီးသန့်တွေ့ဆုံဆွေးနွေးမှုများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ နည်းပညာ၊ တီထွင်မှုများနှင့် ကုန်သွယ်မှုလျင်မြန်ချောမွေ့ရေးသည် အဓိကကျသည့်အတွက် အလေးထား ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း အမေရိကန်–အာဆီယံ စီးပွားရေးကောင်စီ၏မူဝါဒဆိုင်ရာ အကြီးတန်းဒုတိယ ဥက္ကဋ္ဌ ဖြစ်သူ Mr. Marc Mealy ကလည်း ဆွေးနွေးခဲ့ပါတယ်။

အမေရိကန်ကုမ္ပဏီများမှ နည်းပညာများ အထောက်အပံ့ပေးရာတွင် လုပ်ငန်းစဥ်တစ်လျှောက်လုံး အလိုအလျောက် ဆောင်ရွက်သွားနိုင်သည့် နည်းပညာများ ဖြန့်ဝေပေးစေလိုပါကြောင်း၊ ဥပမာ–ကုန်စည်များ ထုတ်ပိုးမှုတွင် နိုင်ငံခြားသား လုပ်သားများ ခေါ်ယူဆောင်ရွက်ရသည့်အတွက် အလိုအလျောက်စက်များ ထောက်ပံ့ပေးပါက လုပ်သားငှားရမ်းခများ သက်သာ၍ ထုတ်လုပ်မှုကုန်ကျစရိတ်သက်သာမည်ဖြစ်ကြောင်း၊ အမေရိကန်နှင့်နှိုင်းယှဉ်ပါက အာဆီယံနိုင်ငံများ၏ စံသတ်မှတ်ချက်များသည် အဆင့်နိမ့်နေသည့်အတွက် အာဆီယံနိုင်ငံများ၏ အစားအစာဘေးကင်းရေး၊ ဓါတုဓာတ်ကြွင်းမကျန်စေရေးစသည့် စံသတ်မှတ်ချက်များ ပိုမိုအဆင့်မြင့်လာစေရန် အာဆီယံနိုင်ငံများတွင် အဆိုပါကဏ္ဍများ၌ ရင်းနှီးမြှုပ်နှံမှုများနှင့်နည်းပညာ ပူးပေါင်းဆောင်ရွက်မှုများ ဆောင်ရွက်စေလိုကြောင်း၊ ထို့ပြင် ကုန်သွယ်ဖက်နိုင်ငံ များအကြား ဆွေးနွေးညှိနှိုင်းမှုများ ဆောင်ရွက်ကာ ချိတ်ဆက်ဆောင်ရွက်မှုပိုမို အားကောင်း လာစေလိုကြောင်း၊ အာဆီယံနိုင်ငံများအနေဖြင့် တစ်ခါတစ်ရံတွင် ကူးစက်ပြန့်ပွားသည့် ရောဂါများ (ဥပမာ–တုတ်ကွေးရောဂါ) တို့ကို ကာကွယ်၊ တားဆီးမှုတွင် စိန်ခေါ်မှုများနှင့် ရင်ဆိုင် နေရသည့်အတွက် အမေရိကန်ကုမ္ပဏီများ၏ နည်းပညာပူးပေါင်း ဆောင်ရွက်မှုများကို ကြိုဆိုကြကြောင်းစသဖြင့် ဆွေးနွေးပွဲ တက်ရောက်လာကြသည့် အာဆီယံနိုင်ငံများမှ သံမှူးများ၊ အမေရိကန် စီးပွားရေးလုပ်ငန်းများ၊ သုတေသီများက ဝိုင်းဝန်း ဆွေးနွေးညှိနှိုင်းခဲ့ကြကြောင်းသိရပါတယ်။

**Source: စီးပွားရေးသံမှူး-အမေရိကန်**

## ဇူလိုင်လတွင် အမေရိကန်ပြည်ထောင်စု၏ ကုန်သွယ်ရေးလိုငွေပြမှုလျော့နည်း

အမေရိကန်ပြည်ထောင်စုတွင် ဇူလိုင်လအတွင်း ပို့ကုန်တိုးမြှင့် တင်ပို့နိုင်ခဲ့ကာ သွင်းကုန်လျော့နည်းတင်သွင်းနိုင်ခဲ့သည့်အတွက် ဇွန်လကထက် ကုန်စည်နှင့်ဝန်ဆောင်မှု ကုန်သွယ်မှုတွင် ကုန်သွယ်ရေးလိုငွေပြမှု လျော့နည်းခဲ့ပါတယ်။ ၂၀၁၉ ခုနှစ် ဇွန်လတွင် ကုန်သွယ်ရေးလိုငွေပြမှု အမေရိကန်ဒေါ်လာ ၅၅.၅ ဘီလီယံရှိခဲ့ရာမှ ဇူလိုင်လတွင် အမေရိကန်ဒေါ်လာ ၅၄ ဘီလီယံထိ လျော့နည်းခဲ့ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ သန်းခေါင်စာရင်းဌာနမှထုတ်ပြန်ထားသည့် ကုန်သွယ်မှုကိန်းဂဏန်းများအရသိရပါတယ်။

၂၀၁၉ခုနှစ် ဇွန်လတွင် ဥရောပသမဂ္ဂနှင့်ကုန်စည်ကုန်သွယ်မှုတွင် လိုငွေပြမှု အမေရိကန်ဒေါ်လာ ၂၀.၁ ဘီလီယံထိ အများဆုံးလျော့နည်းခဲ့ခြင်းဖြစ်တယ်လို့သိရပါတယ်။ ဂျမဏီနိုင်ငံနှင့် ကုန်စည်ကုန်သွယ်မှုတွင် ၂၀၁၅ ခုနှစ်ကတည်းက ဇူလိုင်လတွင် လိုငွေပြမှု အမေရိကန်ဒေါ်လာ ၇ ဘီလီယံထိ အများဆုံးလျော့နည်းခဲ့တဲ့အတွက် ဖြစ်တယ်လို့ဆိုပါတယ်။

သို့ရာတွင် မြန်မာနိုင်ငံနှင့်ကုန်စည်ကုန်သွယ်မှုတွင် ၂၀၁၉ ခုနှစ်၊ ဇွန်လတွင် ကုန်သွယ်မှုလိုငွေ အမေရိကန်ဒေါ်လာ ၂၈ သန်း ရှိခဲ့ရာမှ ဇူလိုင်လတွင် အမေရိကန်ဒေါ်လာ ၄၇.၆ သန်းထိ တိုးတက်ခဲ့တာတွေ့ရပါတယ်။ ၂၀၁၉ ခုနှစ်၊ ဇူလိုင်လတွင် အမေရိကန်ပြည်ထောင်စုမှ မြန်မာနိုင်ငံသို့ အမေရိကန်ဒေါ်လာ ၂၂.၈ သန်းဖိုးတင်ပို့ခဲ့ပြီး မြန်မာနိုင်ငံမှ အမေရိကန်ဒေါ်လာ ၇၀.၄ သန်းဖိုး တင်သွင်းခဲ့ပါတယ်။

**Source: စီးပွားရေးသံမှူး-အမေရိကန်**

## စီးပွားရေးလုပ်ကိုင်ရန် လွယ်ကူမှုညွှန်းကိန်း ရလဒ်ကောင်းသည့်နိုင်ငံများတွင် မြန်မာပါဝင်




စီးပွားရေးလုပ်ကိုင်ရန် လွယ်ကူမှုညွှန်းကိန်း (Ease of Doing Business) တွင် ၂၀၂၀ ၌ ရလဒ်ကောင်း ရရှိထားသည့် နိုင်ငံ ၂၀ တွင် မြန်မာနိုင်ငံ ပါဝင်ကြောင်း ကမ္ဘာ့ဘဏ်က စက်တင်ဘာ ၂၉ ရက်၌ ထုတ်ပြန်သည်။ နိုင်ငံတွင်း ပြုပြင်ပြောင်းလဲလုပ်ကိုင်နိုင်ခဲ့သည့် အချက်အလက်များနှင့် စီးပွားရေးလုပ်ကိုင်ရန် လွယ်ကူမှုညွှန်းကိန်း မည်မျှတိုးတက်ခဲ့သည့်အပေါ် တွက်ချက်ခြင်းဖြစ်သည်ဟု ကမ္ဘာ့ဘဏ်ကထုတ်ပြန်သည်။ ကမ္ဘာ့ဘဏ်က ရွေးချယ်ခဲ့သည့်နိုင်ငံ ၂၀ စလုံးသည် စီးပွားရေးလုပ်ကိုင်ရန် လွယ်ကူမှုညွှန်းကိန်းကို အမှတ်ပေးသည့် ကဏ္ဍ ၁၀ ခုတွင် လိုအပ်သည့် အချက် သုံးချက် (သို့မဟုတ်) ထိုထက်ပို၍ ပြောင်းလဲနိုင်ခဲ့သည်ဟု ကမ္ဘာ့ဘဏ်ကဆိုသည်။ ကမ္ဘာ့ဘဏ်က ၂၀၁၈ မှ အချက်အလက်များကို ရယူတွက်ချက်ခဲ့ခြင်းဖြစ်သည်ဟုဆိုသည်။

၂၀၁၉ အတွက် မြန်မာနိုင်ငံသည် စီးပွားရေးလုပ်ကိုင်ရန် လွယ်ကူမှုညွှန်းကိန်း အဆင့် (၁၇၁) တွင်ရှိသည်။ ၂၀၁၈ တွင်လည်း အဆိုပါအဆင့်၌ပင် ရပ်တည်ခဲ့သည်။ ထိုနိုင်ငံ ၂၀ အနက် မြန်မာနိုင်ငံသည် စီးပွားရေးဝန်းကျင်ကောင်းမွန်ရန် ကဏ္ဍငါးခုကို ဆောင်ရွက်ခဲ့သည်ဟု ကမ္ဘာ့ဘဏ်ကဆိုသည်။ ရန်ကုန်မြို့တွင် ဆောက်လုပ်ရေးလုပ်ငန်းများ၌ အရည်အသွေးကောင်းများရှိလာစေရန် အင်ဂျင်နီယာများနှင့်ဗိသုကာပညာရှင်များအတွက် တင်းကျပ်သည့်စည်းကမ်းများ၊ ပြစ်ဒဏ်များသတ်မှတ်ခဲ့ပြီး ရေနှင့်ရေဆိုးစွန့်ထုတ်ရေးဆိုင်ရာကဏ္ဍများတွင် ရင်းနှီးမြှုပ်နှံခဲ့သည်ဟု ကမ္ဘာ့ဘဏ်ကဆိုသည်။ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် အွန်လိုင်းစနစ်သုံး ကုမ္ပဏီမှတ်ပုံတင်ခြင်းကိုဆောင်ရွက်ပြီး မှတ်ပုံတင်ရာတွင် အချက်အလက်အပြောက်အများလိုအပ်ရာမှ အနည်းဆုံးအဆင့်ဖြစ်အောင် လျှော့ချနိုင်သည်ဟုဆိုသည်။ မြန်မာနိုင်ငံက မြေယာပိုင်ဆိုင်မှုများကို မှတ်ပုံတင်ရာတွင် မှတ်ပုံတင်ခြင်းနှင့် အကဲဖြတ်လုပ်ငန်းများ ပိုမိုချောမွေ့လာစေရန် ဆောင်ရွက်နိုင်သည်ဟုဆိုသည်။

ထို့အပြင် မြန်မာနိုင်ငံက ကုမ္ပဏီများ၏ စွမ်းဆောင်ရည်များကို အမှတ်ပေးသည့် အစီရင်ခံစာထုတ်ပြန်ရန် စတင်စီစဉ်လာခြင်းနှင့် မြန်မာ့ကုမ္ပဏီဥပဒေတွင် ရှယ်ယာနည်းသည့် ရင်းနှီးမြှုပ်နှံသူများကို ကာကွယ်ပေးခြင်း၊ ကုမ္ပဏီဒါရိုက်တာများ ပိုမိုတာဝန်ခံလာခြင်းနှင့် ပိုမိုပွင့်လင်းသည့် ကော်ပိုရိတ်စီမံခန့်ခွဲမှုရှိလာခြင်းတို့ကို ဆောင်ရွက်လာသည်ဟု ကမ္ဘာ့ဘဏ်က ဆိုသည်။ ကမ္ဘာ့ဘဏ်က ထုတ်ပြန်သည့် ရလဒ်ကောင်းရရှိသော နိုင်ငံ ၂၀ တွင် အဇာဘိုင်ဂျန်၊ ဘာရိန်း၊ ဘင်္ဂလားဒေ့ရှ်၊ တရုတ်၊ အိန္ဒိယ၊ ဂျော်ဒန်၊ ကူဝိတ်၊ နိုင်ဂျီးရီးယား၊ ပါကစ္စတန်၊ ကာတာ၊ ဆော်ဒီအာရေးဗီးယား၊ တန်ဂိုစသည့်နိုင်ငံများပါဝင်သည်။

**Source:** https://7daydaily.com/story/167362

## သီလဝါအထူးစီးပွားရေးဇုန်၌ ပို့ကုန်ဆိုင်ရာရင်းနှီးမြှုပ်နှံမှုများ ပိုမိုဝင်လာရေးဆောင်ရွက်မည်

၂၀၂၀ တွင် သီလဝါအထူးစီးပွားရေးဇုန်၌ နိုင်ငံခြားပို့ကုန်ဆိုင်ရာရင်းနှီးမြှုပ်နှံမှုများ ပိုမိုဝင်ရောက်လာရန် ဆောင်ရွက်မည်ဖြစ်ကြောင်း သီလဝါအထူးစီးပွားရေးဇုန် ထူထောင်ခွင့်ရထားသည့် MJTD ကုမ္ပဏီဥက္ကဋ္ဌနှင့်အမှုဆောင်အရာရှိချုပ်၊ မစ္စတာ Tomoyasu Shimizu က ပြောသည်။ လက်ရှိတွင် သီလဝါအထူးစီးပွားရေးဇုန်၌ ပြည်တွင်းပြန်လည်ဖြန့်ဖြူးသည့် ပမာဏသည် ၇၀ ရာခိုင်နှုန်းရှိပြီး နိုင်ငံခြားပို့ကုန် ၃၀ ရာခိုင်နှုန်းသာရှိသည်ဟု ၎င်းကဆိုသည်။ ၂၀၂၀ မှာတော့ လုပ်ငန်း ၂၀ လောက် ထပ်ဝင်ဖို့မှန်းထားပါတယ်။ အခုလောလောဆယ် ပြည်တွင်းပြန်ဖြန့်တာများနေလို့ ပြည်ပပို့တာကို ပိုမှန်းထားတယ်” ဟု ၎င်းကဆိုသည်။




သီလဝါအထူးစီးပွားရေးဇုန်တွင် လုပ်ငန်း ၁၀၉ ခုရှိပြီး ယင်းအနက် ပြည်ပပို့ကုန်အတွက် ကုမ္ပဏီ ၄၃ ခုရှိကာ ပြည်တွင်းအတွက် ကုမ္ပဏီ ၆၅ ခုနှင့် အခြားကုမ္ပဏီ တစ်ခုရှိသည်ဟု ထုတ်ပြန်ထားသည်။
အဆိုပါ စီးပွားရေးဇုန်တွင် ဂျပန်နိုင်ငံက လုပ်ငန်း ၅၅ ခု၊ ထိုင်းက ၁၆ ခု၊ ကိုရီးယားက ရှစ်ခုအပါအဝင် စုစုပေါင်း လုပ်ငန်း ၉၂ ခုကို ၁၈ နိုင်ငံက လုပ်ကိုင်နေသည်။
သီလဝါအထူးစီးပွားရေးဇုန်ကို မြေဧရိယာဟက်တာ ၂၄၀၀ တွင် အကောင်အထည်ဖော်နေပြီး လက်ရှိ၌ အပိုင်း (က) အတွက် ဟက်တာ ၄၀၀ နှင့် အပိုင်း (ခ)မှ ဟက်တာ ၂၆၂ တို့ အကောင်အထည်ဖော်နေသည်။ ထိုသို့ အကောင်အထည်ဖော်ရာတွင် မြန်မာဘက်ကရှယ်ယာ ၅၁ ရာခိုင်နှုန်းနှင့် ဂျပန်ဘက်က ရှယ်ယာ ၄၉ ရာခိုင်နှုန်းပိုင်ဆိုင်သည်။ မြန်မာရှယ်ယာ ၅၁ ရာခိုင်နှုန်းတွင် ကုမ္ပဏီကိုးခုပါဝင်သည့် ကုမ္ပဏီကြီးက ရှယ်ယာ ၄၁ ရာခိုင်နှုန်းနှင့် မြန်မာအစိုးရက ရှယ်ယာ ၁၀ ရာခိုင်နှုန်း ပိုင်ဆိုင်သည်။ ဂျပန်ဘက်က ဂျပန်ကုမ္ပဏီသုံးဖြစ်သည့် Marubeni, Sumitimo နှင့် Mitsubishi တို့က ရှယ်ယာ ၃၉ ရာခိုင်နှုန်းနှင့် ဂျပန်အစိုးရက ရှယ်ယာ ၁၀ ရာခိုင်နှုန်း ပိုင်ဆိုင်သည်။

**Source:** https://7daydaily.com/story/167340

## ပြည်တွင်းစက်သုံးဆီဈေး မြင့်တက်

ပြည်တွင်းစက်သုံးဆီဈေးနှုန်း တစ်လအတွင်း တစ်လီတာလျှင် ၈၀ ကျပ်(တစ်ဂါလန် ကျပ် ၃၅၀)ထက်မနည်း မြင့်တက်ခဲ့သည်။ စက်သုံးဆီဈေးနှုန်းများသည် ဩဂုတ်လကုန်ပိုင်းကစပြီး ဆက်တိုက်မြင့်တက်နေခြင်းဖြစ်ကာ တစ်လအတွင်း တစ်လီတာ ၈၀ ကျပ်နှုန်း မြင့်တက်မှုသည် ယခုနှစ်အတွင်း အများဆုံးနှုန်းထားဖြစ်သည်။ ယခုနှစ် မတ်လအတွင်း စက်သုံးဆီတစ်လီတာလျှင် ကျပ် ၅၀ နှုန်း အများဆုံးမြင့်တက်ခဲ့သဖြင့် စက်တင်ဘာမြင့်တက်နှုန်းသည် မတ်လထက်ပင်ကျော်လွန်ခဲ့သည်။ ယမန်နေ့ (စက်တင်ဘာ ၂၉ ရက်)က စက်သုံးဆီအရောင်းဆိုင်များ၏ ရန်ကုန်အထိုင်ဈေးကွက်တွင် အောက်တိန်း-92 တစ်လီတာလျှင် ၈၅၅ ကျပ်၊ အောက် တိန်း-95 တစ်လီတာလျှင် ၉၄၅ ကျပ်၊ ဒီဇယ်တစ်လီတာလျှင် ၉၅၀ကျပ်နှင့် ပရီမီယံဒီဇယ်တစ်လီတာလျှင် ၈၈၅ ကျပ်နှုန်းရှိသည်။ ဒီလထဲမှာက ရက်ခြားဆိုသလို တောက်လျှောက်ဈေးတက်နေတာ။ တရိပ်ရိပ်တက်နေတော့ တစ်လအတွင်းကို တစ်လီတာ ၈၀ ကျပ်လောက်တက်တဲ့ အခြေအနေဖြစ်သွားတယ်။ ကမ္ဘာ့ရေနံစိမ်းဈေးကလည်းမငြိမ်တော့ ရှေ့ဘာဆက်ဖြစ်မယ်ဆိုတာ ခန့်မှန်းရခက်တယ်ဟု စက်သုံးဆီရောင်းဝယ်ရေး ဈေးကွက်ကျွမ်းကျင်သူ ဦးတင်အောင်ကပြောသည်။

စက်သုံးဆီဈေးနှုန်းသည် ဧပြီက အောက်တိန်း-92 တစ်လီတာလျှင် ကျပ် ၈၆၀၊ အောက်တိန်း-95 တစ်လီတာလျှင် ၉၃၅ ကျပ်၊ ဒီဇယ်တစ်လီတာလျှင် ကျပ် ၉၅၀ နှင့် ပရီမီယံတစ်လီတာလျှင် ကျပ် ၉၆၀ နှုန်းဖြင့် ယခုနှစ်အတွင်း အမြင့်ဆုံးစံချိန်တင်ခဲ့သည်။ သို့သော် စက်တင်ဘာ ၂၉ ရက် စက်သုံးဆီဈေးနှုန်းများအရ အောက်တိန်း-95 သည် ဧပြီထက် တစ်လီတာလျှင် ၁၀ ကျပ်ပိုများခဲ့ပြီး အခြားစက်သုံးဆီသုံးမျိုးသည် အမြင့်ဆုံးနှုန်း၏အောက်တွင်ရှိနေသည်။

**Source:** https://7daydaily.com/story/167363

## မင်းဘူးဒေသထွက် အော်ဂင်းနစ်ဩဇာသီး ပေါ်ချိန်နောက်ကျသော်လည်း ဈေးကောင်းရ

မကွေးတိုင်းဒေသကြီး၊ မင်းဘူးမြို့နယ်မှထွက်ရှိသော သဘာဝသီးနှံအော်ဂင်းနစ်ဩဇာသီးသည် ယခုနှစ်တွင်ပေါ်ချိန် နောက်ကျသော်လည်း ဈေးကောင်းရရှိနေကြောင်း ဩဇာသီးစိုက်တောင်သူများထံမှသိရသည်။ မင်းဘူးမြို့နယ်၊ ထောက်ရှာပင် ကျေးရွာအုပ်စု၊ ကျွဲသုံးမြောင်ကျေးရွာ၊ ဩဇာသီးဈေးကွက်တွင် အသီးအကြီး ၁၀ လုံး ပေါက်ဈေး ၅၀၀၀ ကျပ်၊ အလတ် ၁၀ လုံး ပေါက်ဈေး ၄၀၀၀ ကျပ်နှင့် အသေး ၁၀ လုံးလျှင် ၃၀၀၀ ကျပ်နှုန်းရောင်းချရကြောင်း ဩဇာသီးစိုက်တောင်သူ ဒေါ်သန်းသန်းမျိုးကပြောသည်။







ရာသီဥတုမမှန်တာရယ်ကြောင့် သြဇာသီးပေါ်ချိန် နောက်ကျပါတယ်၊ တစ်ချို့စိုက်ခင်းတွေက အသီးသီးချိန် ရှဥ့်သတ္တဝါဝင်ရောက်ဖျက်ဆီးတဲ့ဒဏ်မခံနိုင်တာကြောင့် လျှော်ဖြူအစားထိုးစိုက်လာကြတယ်လေ၊ ဒါကြောင့် ဒီနှစ်သြဇာသီး ရှားပါးနိုင်တယ်၊ ကျွန်မတို့က ဘိုးဘွားလက်ထက်ကတည်းက တစ်ရွာလုံး သြဇာသီးစိုက်ပျိုးလာကြတာပါ။ ဘာဓာတုဆေးဝါးမှ မသုံးကြဘူး။ သဘာဝမြေမှာ အရိုးခံစိုက်လာကြတာပါ၊ ဒါကြောင့် ဓါတုဆေးလွတ်အော်ဂင်းနစ်အသီးလို့ နာမည်ကြီးပြီး မန္တလေး၊ ရန်ကုန်၊ နေပြည်တော်၊ မကွေးအစရှိတဲ့ မြို့တွေက လာဝယ်ကြပါတယ်ဟု ဒေါ်သန်းသန်းမျိုးကပြောသည်။ သြဇာသီးသည် တစ်နှစ်လျှင် တစ်ခါသာသီးပြီး အပင်ကြီးလျှင် အလုံးရေ ၂၀၀ ခန့်၊ အပင်သေးလျှင် အလုံးရေ ၈၀ ခန့်သီးကြောင်း၊ ဝါခေါင်လတွင် အသီးအကင်းကလေးများ စတင်ထွက်ပေါ်လာပြီး တော်သလင်းလပြည့်ကျော်လျှင် အသီးကြီးထွားလာကာ အသီးရင့်ချိန်ခူးဆွတ်ပြီး သုံးရက်ခန့်အုပ်ပေးရသည်ဟု ကျွဲသုံးမြှောင်ကျေးရွာ သြဇာသီးစိုက်တောင်သူ ဦးမျိုးသက်ကပြောသည်။ ကျွန်တော်က သုံးဧကလောက်မှာ အပင်ရေ ၂၀၀ ကျော် သြဇာခင်း စိုက်ထားပါတယ်၊ စိုက်ပြီး လေးနှစ်အရွယ် ရောက်ရင် အသီးစသီးပါပြီ၊ တစ်နှစ်ကို ဝင်ငွေ ကျပ် ၁၅ သိန်းလောက် အမြတ်ရပါတယ်၊ ဒီနှစ် အသီးထွက်တာ နောက်ကျတယ်။ အခုမှ ဈေးကွက်ထဲရောက်တာ တစ်ပတ်မပြည့်သေးပါဘူးဟု ဦးမျိုးသက်ကပြောသည်။ ထို့ကြောင့် ယခုနှစ်တွင် ရက်သတ္တပတ်တစ်ပတ်ခန့်နောက်ကျကာ ဈေးကွက်အတွင်း ရောက်ရှိလာခြင်းဖြစ်သည်။

သြဇာသီးကို ကျွဲသုံးမြှောင်ကျေးရွာတွင် ရှေးအစဉ်အဆက်ကတည်းက စိုက်ပျိုးခဲ့ကြသော်လည်း ရာသီဥတုဒဏ်၊ ကျေးငှက်ဒဏ်များကြောင့် ယခုအခါ စိုက်ပျိုးသူ လျော့ကျလာနေသည်။ မိုးကောင်းရင် ကောင်းသလို အသီးထွက်နှုန်းကောင်းတယ်။ ဒီနှစ်မိုးမကောင်းတော့ အထွက်နှုန်းကျတယ်၊ အရင်က တစ်ရွာလုံးသြဇာသီးစိုက်လာကြတာပါ။ ခက်တာက အသီးသီးတဲ့အခါ ရှဥ့်တွေကဝင်စားကြတယ်၊ အခင်းတွေပျက်စီးလာတယ်။ ဒါကြောင့် တစ်ချို့က လျှော်ဖြူအစားထိုးစိုက်လာကြတယ်၊ ကျွန်တော်တို့စီက သြဇာခင်းတွေစိုက်တဲ့အခါ၊ အသီးသီးလာတဲ့အခါ ဘာဓါတုဆေးမှ မသုံးကြပါဘူး ဒီအတိုင်းသဘာဝအတိုင်း စိုက်ပျိုးပြီး သီးလာတဲ့အသီးမှည့်လို့ အော်ဂင်းနစ်အသီးလို့ အသိမှတ်ပြုပြီးလာဝယ်ကြတယ်ဟု တောင်သူဦးမျိုးသက်က ဆက်ပြောသည်။ မင်းဘူးမြို့နယ်၊ ထောက်ရှာပင်ကျေးရွာအုပ်စု၊ ကျွဲသုံးမြှောင်ကျေးရွာသည် မကွေး-မင်းဘူး ကားလမ်းမဘေးတွင်တည်ရှိပြီး ယခုအခါတောင်သူအချို့က သြဇာသီးအစား ဝင်ငွေသုံးဆခန့်ပိုရသော လျှော်ဖြူအစားထိုး စိုက်ပျိုးလာကြသည်။ သြဇာသီးစိုက်ပျိုးပါက တစ်နှစ်လျှင် ကျပ် ၁၅ သိန်းခန့်သာရရှိပြီး လျှော်ဖြူက တစ်နှစ်လျှင် ကျပ်သိန်း ၅၀ ခန့် ဝင်ငွေရရှိကြောင်းဒေသခံများ၏ ပြောဆိုချက်အရသိရသည်။

**Source:** http://www.mizzimaburmese.com/article/60950

## မြန်မာ-တရုတ် နယ်စပ်ကုန်သွယ်ရေး အောက်တိုဘာ ၁ ရက်ကစ၍ တစ်ပတ်ခန့်ရပ်နားမည်

မြန်မာ-တရုတ်နှစ်နိုင်ငံ နယ်စပ်ကုန်သွယ်ရေးကို အောက်တိုဘာ ၁ ရက်ကစတင်ပြီး တစ်ပတ်ခန့်ရပ်နားရမည်ဟု မူဆယ်နယ်စပ်ရှိ ကုန်သည်အချို့ကပြောသည်။ တရုတ်ပြည်သူ့သမ္မတနိုင်ငံထူထောင်ခြင်း နှစ်(၇၀) ပြည့်အထိမ်းအမှတ်အဖြစ် အောက်တိုဘာ ၁ ရက်ကစ၍ တရုတ်အစိုးရဂနိထမ်းများကို အလုပ်ပိတ်ရက်တစ်ပတ်ခန့်ပေးထားရာ နှစ်နိုင်ငံနယ်စပ်ကုန်သွယ်ရေးရပ်တန့်မည်ဟု မူဆယ်ဆန်ကုန်စည်ဒိုင် အသင်းဂင်ဦးမင်းသိန်းကပြောသည်။

နှစ်နိုင်ငံနယ်စပ်ကုန်သွယ်ရေးသည် နှစ်စဉ်တရုတ်နှစ်သစ်ကူးကာလ ရုံးပိတ်ရက်ရှည်ပြီးလျှင် တရုတ်နိုင်ငံ ထူထောင်ခြင်း အထိမ်းအမှတ်ပိတ်ရက်ကာလများက အရှည်ကြာဆုံးဖြစ်သည်။ အဆိုပါပိတ်ရက်ကာလများတွင် တရုတ်နိုင်ငံ၌ အလုပ်သမားများ မိမိနေရပ်သို့ပြန်သဖြင့် ကုန်သွယ်ရေး ရပ်တန့်လေ့ရှိသည်ဟု မူဆယ်မြို့ရှိ ကုန်သည်အချို့ကပြောသည်။

ယခုရက်ပိုင်း မြန်မာ-တရုတ်နယ်စပ်ကုန်သွယ်ရေးသည် ယူနန်အစိုးရ၏ ပါမစ်ဖြင့်တစ်ရက်လျှင် ဆန်အိတ်ရေ နှစ်သောင်းမှ နှစ်သောင်းခွဲအကြားရောင်းချနေရပြီး သကြားအိတ်ရေတစ်သောင်းခန့်လည်း ရောင်းချကြောင်း ဦးမင်းသိန်းက ပြောသည်။ ရှမ်းမြောက်တိုက်ပွဲများအပြီး နယ်စပ်ကုန်သွယ်ရေး ပုံမှန်အခြေအနေတွင်ရှိပြီး နယ်စပ်တွင် တရုတ်ငွေတစ်ယွမ်လျှင် ၂၁၅ ကျပ်ခန့် ဈေးရှိနေသည်။ ကျပ်ငွေနှင့်တရုတ်ယွမ်ငွေလဲနှုန်း အနည်းငယ်ပြန်လည်ကျဆင်းလာခြင်းဖြစ်သည်။ စက်တင်ဘာလဆန်းပိုင်းက တစ်ယွမ်လျှင် ကျပ် ၂၂၇ အထက်တွင် ဈေးရှိခဲ့သည်။

**Source:** https://7daydaily.com/story/167281

## တောင်သူများက ဒန့်သလွန်ရွက်နှင့် အစေ့ခြောက်များကို ပို့ကုန်အဖြစ် သိရှိမှုနည်းပါးနေခြင်းကြောင့် ကုန်ကြမ်းဝယ်ယူရန် ခက်ခဲနေ



တောင်သူများက ဒန့်သလွန်ရွက်နှင့် အစေ့ခြောက်များကို ပြည်ပပို့ကုန်အဖြစ် သိရှိမှုနည်းပါးနေခြင်းကြောင့် ကုန်ကြမ်းဝယ်ယူရန်ရှားပါးနေကြောင်း ကုန်သည်များကပြောသည်။ မင်းဘူးမြို့နယ်၊ ထောက်ရှာပင်ကျေးရွာအုပ်စု ကျွဲသိုးမြောင်ကျေးရွာမှ ဒန့်သလွန်အရွက်အစေ့အရောင်းအဝယ်ပြုလုပ်သည့် ဦးဇာနည်ဆွေထက်က တောင်သူတွေကိုယ်တိုင်ကကို စီးပွားဖြစ်စိုက်ရမှန်းမသိဘူး။ကျွန်တော်ကိုယ်တိုင် သွားဝယ်တာဆိုရင် ပျဉ်းမနား၊ လယ်ဝေး၊ သာဝတ္တိအထိဝယ်တာ။ ဒန်သလွန်အစေ့ခြောက်ကို သူတို့ကိုယ်တိုင်ရောင်းရမှန်းမသိဘူး။ ပိုက်ဆံနဲ့ပေးဝယ်တာကို အလကားပေး လွှတ်လိုက်တာတွေရှိတယ်။ ဒါမျိုးဆိုရင် ဖောက်သည်အနေနဲ့ စီးပွားဖြစ်အရောင်းအဝယ်လုပ်မရဘူးဖြစ်ရတယ်ဟုပြောသည်။ တရုတ်နယ်စပ် မူဆယ်၊ မန္တလေး၊ ရန်ကုန်တို့က ပရဆေးဖော်စပ်သူများ၊ ဆေးကုမ္ပဏီများဝယ်ယူမှုရှိလာပြီး ပုံမှန်ဝယ်ယူနိုင်အောင် ဝယ်ယူရောင်းချသူများက ချိတ်ဆက်ဆောင်ရွက်နေသော်လည်း မကွေး၊ မင်းလှ၊ စကု၊ မင်းဘူးမြို့နယ် ဒေသခံတောင်သူများအနေဖြင့် စီးပွားဖြစ်စိုက်ပျိုးနိုင်မည့် သီးနှံတစ်ခုဖြစ်ကြောင်းကို သိရှိမှုနည်းပါးနေကြသေးကြောင်းပြောသည်။ ဒါတွေကို အစိုးရအနေနဲ့ ပြည်သူကို ဒန့်သလွန်စိုက်ပျိုးရေးနဲ့ပတ်သက်တဲ့နည်းပညာ ရင်းနှီးမတည်ပံ့ပိုးနိုင်မယ်။ ဈေးငွေ မျိုးစေ့၊မြေလွတ်မြေရိုင်းကို ပြုပြင်နိုင်မယ့်ထွန်စက်အစရှိတာတွေကို စိုက်ပျိုးရေးဖွံ့ဖြိုးအောင်လုပ်ပေးနိုင်မယ့် နှစ်ရှည်ပင်ကြားမှာ တခြားသီးနှံတွေလည်း စိုက်ပျိုးရနိုင်မယ်ဆိုရင် တောင်သူတွေစိတ်ပါဝင်စားလာမယ်ဟု ဦးဇာနည်ဆွေထက်က ဆက်လက်ပြောသည်။ မင်းဘူးမြို့နယ်၊ ထောက်ရှာပင်ကျေးရွာအုပ်စု ကျွဲသိုးမြောင်ကျေးရွာမှ မသီတာက ဒန့်သလွန်ကို ကျွန်မတို့စိုက်တာကတော့ အသီးစိုကိုရောင်းဖို့စိုက်တာပဲ။ အစေ့ခြောက်တို့၊ အရွက်တို့တော့မရောင်းဖူးသေးပါဘူးဟု ပြောသည်။ ဒန့်သလွန်ရွက်နှင့်အစေ့ခြောက်များကို ဆေးဖော်စပ်ရန်အတွက် ရန်ကုန်၊ မန္တလေးနှင့်မူဆယ်ရှိ ကုန်သည်တို့က အဓိကထားဝယ်ယူသည်။ ဒန့်သလွန်စေ့မှာ အနက်ရောင်၊ ကော်ဖီရောင်၊ အဖြူရောင်သုံးမျိုးထွက်ရှိကြောင်း၊ အရောင်အလိုက် ဈေးကွာခြားမှုရှိပြီး အနက်ရောင်မှာ ဈေးအကောင်းဆုံးဖြစ်သည်။ တရုတ်နိုင်ငံတွင် ဒန့်သလွန်ဆီ၊ ဒန့်သလွန်ဆေးတောင့်၊ ဒန့်သလွန်ကြိတ်ဖတ်နှင့် အခြားအဆင့်မြင့်ထုတ်ကုန်များကိုလည်း ထုတ်လုပ်လျက်ရှိပြီး ဈေးကွက် အလားအလာမှာ ကောင်းမွန်နေကြောင်းသိရသည်။

ဈေးကွက်အတွင်း ဒန့်သလွန်အရွက် တစ်ကီလိုလျှင် ကျပ် ၂၀၀၀ မှ ကျပ် ၄၀၀၀၊ အရွက်သီးသန့်ဖြင့် ထုတ်လုပ်ထားသောအမှုန့်တစ်ကီလိုလျှင် ကျပ် ၅၀၀၀၊ ဒန့်သလွန်အရိုးနှင့် အရွက်ပါဝင်သော အမှုန့်တစ်ကီလို ကျပ် ၂၀၀၀ မှ ကျပ် ၃၀၀၀၊ ဒန့်သလွန်အစေ့(အိန္ဒိယ) တစ်စေ့လျှင် ကျပ် ၇၀၁၀၊ ဒန့်သလွန်စေ့ (မြန်မာ) တစ်စေ့လျှင် ကျပ် ၂၅-၃၀၊ ဒန့်သလွန်သီး တစ်တောင့်လျှင်ကျပ်၁၀၀ ရှိကြောင်းသိရသည်။

**Source:** https://www.facebook.com/thefarmermedia/photos/a.301081060006087/2486199524

## ကော်ဖီကို ဂျပန်နှင့်အင်္ဂလန်သို့ တိုက်ရိုက်တင်ပို့နိုင်ရေးကြိုးပမ်းနေ




မြန်မာ့ကော်ဖီများကို ဂျပန်နှင့်အင်္ဂလန်နိုင်ငံများသို့ တိုက်ရိုက်ချိတ်ဆက်တင်ပို့နိုင်ရေး ဆောင်ရွက်နေကြောင်း မြန်မာနိုင်ငံကော်ဖီအသင်းကသိရသည်။ ရှမ်းပြည်နယ်၊ ရှာင်ထွက်အဆင့်မြင့် ကော်ဖီတွေကို ထုတ်လုပ်တင်ပို့နိုင်ဖို့ ကြိုးပမ်းနေသလို ချင်းပြည်နယ်က ဈေးကွက်ရှိတဲ့ကော်ဖီကို ဈေးကွက်ချိတ်ဆက်တင်ပို့နိုင်ရေး အစီအစဉ်တွေ တိုးမြှင့်ဆောင်ရွက်နေတယ်ဟု အဆိုပါအသင်းနာယက ဦးရဲမြင့်က ပြောသည်။ ကော်ဖီကဏ္ဍဖွံ့ဖြိုးလာစေရန် မျိုးစေ့ထုတ်လုပ်ခြင်းနှင့် အရည်အသွေးထိန်းသိမ်းခြင်းလုပ်ငန်းများ၊ မျိုးကောင်း၊ မျိုးသန့်များကို ထုတ်လုပ်ရာတွင် ဆောင်ရွက်ရမည့်အချက်များ၊ နည်းပညာနှင့် လူ့စွမ်းအားဖွံ့ဖြိုးရေးဆောင်ရွက်ရာ၌ လိုအပ်သည့်အချက်များ၊ စိုက်ပျိုးရေးဆိုင်ရာအသိအမှတ်ပြုလက်မှတ်များရရှိရန် စသည်တို့ကို ကြိုးပမ်းနေကြောင်းသိရသည်။ ထို့ပြင်ကော်ဖီဈေးကွက် ရှာဖွေရေးအတွက် စိုက်ပျိုး၊ ထုတ်လုပ်၊ ရောင်းချမှုအားပေးမြှင့်တင်နိုင်ရေးဆိုင်ရာကိစ္စများကို စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့်တွေ့ဆုံဆွေးနွေးထားကြောင်းသိရသည်။ စိုက်ပျိုးရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဇော်မြင့်ထွန်းက ကော်ဖီကဏ္ဍတိုးတက်လာစေရန် တောင်သူများကို အသိပညာနှင့်နည်းပညာပေး သင်တန်းများပေးခြင်း၊ ဈေးကွက်ဖော်ဆောင်မှုများဆွေးနွေးခြင်း၊ ဓာတ်ခွဲခန်းများအရည်အသွေးစမ်းသပ်မှုမြှင့်တင်ပေးခြင်းအပြင် ပုဂ္ဂလိကလုပ်ငန်းရှင်များနှင့် နိုင်ငံတကာအဖွဲ့အစည်းများ ပူးပေါင်းဆောင်ရွက်နိုင်ရန် ချိတ်ဆက်ပေးနေကြောင်းပြောသည်။ ကော်ဖီကဏ္ဍ တိုးတက်လာအောင်တောင်သူတွေ အရည်အသွေးမီမျိုးတွေရရှိလာအောင်နဲ့ ကော်ဖီသီးနှံဌာနခွဲကနေလည်း ဆောင်ရွက်ပေးနေတယ်ဟု ၄င်းကပြောသည်။ သို့မှသာ မြန်မာနိုင်ငံအနေဖြင့် ဈေးကွက်လိုအပ်ချက်အရ ကော်ဖီကို ပြည်ပမှ နှစ်စဉ်အမေရိကန်ဒေါ်လာသန်း ၁၀၀ ကျော်ဖိုး တင်သွင်းနေရခြင်းကို လျှော့ချနိုင်မည်ဖြစ်ကြောင်းသိရသည်။ ထို့ပြင် ကော်ဖီစိုက်ပျိုးရာဒေသများ၏ ကွဲပြားသောရာသီဥတုနှင့် မြေမျက်နှာသွင်ပြင် အနေအထားအရ ဒေသခံစိုက်ပျိုးသူများ၏ လိုအပ်ချက်နှင့်ကိုက်ညီသည့် မျိုးကောင်းမျိုးသန့်များ တိုးချဲ့စိုက်ပျိုးရန် ဆောင်ရွက်ပေးလျက်ရှိကြောင်းသိရသည်။

စိုက်ပျိုးရေးဦးစီးဌာနက ကော်ဖီခြံများကို ဒေသအလိုက် အထူးဇုန်အဖြစ် ရည်မှန်းချက်ချ စိုက်ပျိုးနိုင်ရေးအတွက် ဒေသတွင်းက တစ်ပိုင်တစ်နိုင်ခြံရှင်များကို စီးပွားဖြစ် စိုက်ပျိုးသည်အထိ စည်းရုံးရန် လိုအပ်သလို ခေတ်မီတောင်စောင်းနည်းစနစ်ဖြင့် စိုက်ပျိုးနိုင်ရေးအတွက် နည်းပညာများပေးနေသည်။ ပြင်ဦးလွင်ရှိ ကော်ဖီစိုက်တောင်သူ ဦးစိုင်းမျိုးအောင်က ကော်ဖီသီးနှံက ပြည်တွင်းရော၊ ပြည်ပကပါစားသုံးမှုမြင့်မားတဲ့ သီးနှံဖြစ်လို့ ဈေးကွက်အတွက် စိတ်မပူရပေမယ့် ဒီလိုတွေ လုပ်နိုင်အောင်ဆိုရင် စိုက်မယ်ဆိုကတည်းက နှစ်ရှည်ပင်လည်းဖြစ်တယ်။ မြေနေရာအတွက် အရင်းအနှီးလည်းကြီးတော့ ဒါတွေကို စနစ်တကျဖြစ်လာဖို့လိုတာ။ လမ်းပန်းဆက်သွယ်ရေး ခက်ခဲပြီးတော့ စိုက်ချင်တဲ့ဒေသတွေမှာ ပျိုးပင်တွေ ဖြန့်ချိပေးနိုင်အောင် ဒေသဆိုင်ရာကနေပံ့ပိုးကူညီပေးဖို့လိုအပ်တယ်ဟုပြောသည်။ ထို့ပြင် နေရာဒေသအလိုက် ကော်ဖီစိုက်တောင်သူများပါဝင်သည့် အစုအဖွဲ့များတည်ထောင်ပေးခြင်း၊ အစုအဖွဲ့ဝင် တောင်သူများအချင်းချင်းနည်း ပညာမျှဝေ နိုင်ရန်စီစဉ်ခြင်း၊ ကော်ဖီထုတ်ကုန်များ တန်ဖိုးမြှင့်ထုတ်ကုန်ဖြစ်လာစေရန် မြေယာနှင့်စက်ရုံတည်ထောင်သည့် အရင်းအနှီးများအတွက် အသေးစားနှင့်အလတ်စားချေးငွေများ ထုတ်ချေးပေးရန်လိုအပ်ကြောင်း တောင်သူများပြောသည်။

မြန်မာ့ကော်ဖီကို ထိုင်ဝမ်၊ အမေရိကန်၊ ထိုင်း၊ ဩစတြေးလျ၊ ကမ္ဘောဒီးယား၊ ကနေဒါ၊ တောင်ကိုရီးယား၊ ဂျပန်၊ ပြင်သစ်နှင့်ဆွစ်ဇာလန်နိုင်ငံများသို့ တင်ပို့သည်။ ဈေးကွက်ပေါက်ဈေးနှင့် ကော်ဖီအမျိုးအစားအပေါ်မူတည်၍ တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၀၀၀ မှ ၄၀၀၀ ကြားရရှိပြီး ဈေးကွက်ဝေစုမှာ ၁၁ ရာခိုင်နှုန်းခန့် တိုးတက်လာကြောင်းသိရသည်။ မြန်မာနိုင်ငံတွင် တစ်နှစ်လျှင် ကော်ဖီတန်ချိန် ၇၀၀၀ ခန့် ထွက်ရှိပြီး ၅၀ ရာခိုင်နှုန်းခန့်ကို ပြည်ပသို့တင်ပို့နေကြောင်း၊

မန္တလေးတိုင်းက ပြင်ဦးလွင်မြို့နယ်၊ ရှမ်းပြည်နယ်အတွင်းရှိ မိုးကုတ်နှင့်နောင်ချိုမြို့နယ်၊ ကရင်ပြည်နယ်နှင့်ချင်းပြည်နယ်တို့က အဓိကထွက်ရှိကြောင်းသိရသည်။

**Source:** https://www.facebook.com/thefarmermedia/photos/a.301081060006087/2482206358560202/?type=3&theater


## သနပ်ဖက်စိုက်တောင်သူများ အဆင်ပြေ

ပအိုဝ်းတိုင်းရင်းသားတို့သည် မိုးရာသီတွင် သနပ်ဖက်စိုက်ပျိုးရေးကို အဓိကလုပ်ကိုင်ကြပြီး ရှမ်းပြည်နယ်တောင်ပိုင်း ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့နယ်အတွင်းတွင် စိုက်ပျိုးထားသောသနပ်ဖက်သည် အထွက်နှုန်းကျသော်လည်း ဈေးကောင်းရ၍ သနပ်ဖက်စိုက်တောင်သူများ အဆင်ပြေလျက်ရှိသည်။ သနပ်ဖက်ဈေးနှုန်းက မနှစ်ကဆို အရွက်ကြီးတစ်ပိဿာကို ငွေကျပ် ၄၁၀၀၊ အရွက်သေးတစ်ပိဿာကို ငွေကျပ် ကျပ်၃၀၀၀ ပဲရောင်းရတယ်၊ အခုသနပ်ဖက်လှော်ရာသီမှာ ထွက်ရှိလာတဲ့ သနပ်ဖက်ဈေးနှုန်းကတော့ အရွက်ကြီးတစ်ပိဿာကို ငွေကျပ် ကျပ်၈၀၀၀ မှ ၈၃၀၀၊ အရွက်သေးတစ်ပိဿာကို ငွေကျပ် ကျပ်၅၀၀၀ မှ ၆၅၀၀ အထိရှိတော့ သနပ်ဖက်စိုက်တောင်သူတွေ အဆင်ပြေကြတယ်။ တစ်နှစ်အတွင်း သနပ်ဖက် ပိဿာချိန် ၁၂၀၀ ခန့်ထွက်ရှိပါတယ်ဟု သနပ်ဖက်စိုက်တောင်သူတစ်ဦးကပြောသည်။ အရင်နှစ်အစပိုင်းက မိုးလည်းမရွာ လေလည်းမတိုက်တော့ အထွက်နှုန်းကျတယ်။ အရင်နှစ် အစောပိုင်းဈေးနှုန်းက ငွေကျပ် ၃၅၀၀ ခန့်ပဲရှိတယ်။ ဒါပေမယ့် တပေါင်းလ ရောက်တဲ့ချိန်မှာ တစ်ပိဿာကို ကျပ်ငွေကျပ် ၁၂၀၀၀ ထိရောက်ရှိပေမယ့် သနပ်ဖက်စိုက် တောင်သူအနည်းငယ်ပဲ ရောင်းရပါတယ်။ အခုနှစ်မှာ သနပ်ဖက်ဈေးနှုန်းကောင်းလို့ ကျွန်တော်တို့တောင်သူတွေအဆင်ပြေပါတယ်ဟု နောင်ဒေးကျေးရွာ အုပ်စုအုပ်ချုပ်ရေးမှူးကပြောသည်။

လက်ရှိသနပ်ဖက်ဈေးနှုန်းက အရွက်သေးတစ်ပိဿာကို ငွေကျပ် ကျပ်၅၀၀၀ မှ ၆၀၀၀၊ အရွက်ကြီးတစ်ပိဿာကို ကျပ်ငွေကျပ် ၇၃၀၀ မှ ၈၀၀၀ ကျပ်ရှိတယ်။ သီတင်းကျွတ်ကာလ ဖြစ်တာနဲ့အညီ ကျေးရွာနေသူတွေ အလှူအတန်းပြုဖို့ အတွက် နေ့စဉ်မပြတ်လာရောက် ရောင်းချနေကြပါတယ်ဟု သနပ်ဖက်အဝယ်ဒိုင်မှသိရသည်။ ဟိုပုံးမြို့နယ်တွင် ပဲစင်းငုံ၊ စပါး၊ ပြောင်း၊ မြေပဲ၊ နနွင်း၊ ချင်း၊ ထောပတ်၊ ကော်ဖီနှင့်သနပ်ဖက်စသည်များကို စိုက်ပျိုးပြီး သနပ်ဖက်စိုက်ဧကပေါင်း ၇၁၁၁ ဧကရှိရာ ယခုနှစ်တွင် သနပ်ဖက်အထွက်နှုန်းကျသော်လည်း ဈေးကောင်းရနေ၍ တောင်သူများအဆင်ပြေလျက်ရှိကြောင်း သိရသည်။

**Source:** https://www.facebook.com/MYANMAALINNNEWS/posts/2022967267943771

## ဘင်္ဂလားဒေ့ရှ်က မြန်မာနိုင်ငံကနေ တစ်နေ့ ကြက်သွန်နီတန်ချိန် ၂၀၀ တင်သွင်း



ဘင်္ဂလားဒေ့ရှ်ကုန်သည်တွေဟာ မြန်မာနိုင်ငံထံကနေ တစ်နေ့ကို ကြက်သွန်နီတန်ချိန် ၂၀၀ တင်သွင်းမှုတွေ လုပ်ဆောင်နေတယ်လို့ ဘင်္ဂလားဒေ့ရှ်အခြေစိုက် Daily Star သတင်းဌာနက ဖော်ပြပါတယ်။ ဘင်္ဂလားဒေ့ရှ် ပြည်တွင်းဈေးကွက်မှာ ကြက်သွန်ဈေးနှုန်းမြင့်တက်နေတဲ့အပြင် အိန္ဒိယနိုင်ငံကလည်း ကြက်သွန်တင်ပို့မှု ကျဆင်းလာတာကြောင့် မြန်မာနိုင်ငံဘက်ကနေ တင်သွင်းဖို့စီစဉ်လာတာဖြစ်ပါတယ်။

အိန္ဒိယဘက်က တင်ပို့တဲ့ဈေးနှုန်းကလည်း မြင့်တက်နေတယ်လို့ဆိုပါတယ်။ ဘင်္ဂလားဒေ့ရှ်ဟာ ကြက်သွန်တွေကို မြန်မာနိုင်ငံအပြင် တရုတ်နိုင်ငံတွေကလည်းတင်သွင်းဖို့ စီစဉ်ထားတယ်လို့ ဘင်္ဂလားဒေ့ရှ် တာဝန်ရှိသူတွေကဆိုပါတယ်။ ဘင်္ဂလားဒေ့ရှ်ဈေးကွက်အတွင်း ကြက်သွန်ဈေးနှုန်းမြင့်တက်နေတဲ့အတွက် စားသုံးသူတွေအခက်အခဲမဖြစ်အောင် အိမ်နီးချင်း မြန်မာနိုင်ငံဆီကနေ ကြက်သွန်တွေတင်သွင်းခဲ့တာဖြစ်တယ်လို့ ဘင်္ဂလားဒေ့ရှ်ကုန်သည်တွေကဆိုပါတယ်။

**Source:** https://www.facebook.com/iseemediamyanmar/posts/256267098525733

## နှမ်းဈေး တဖြည်းဖြည်း အေးလာနိုင်

မကြာမီ နှမ်းတွေလှိုင်လှိုင်ပေါ်မှာဖြစ်တဲ့အတွက် နှမ်းဈေးကွက်မှာ ဈေးနှုန်းတွေကျဆင်းနိုင်တယ်လို့ နှမ်းကုန်သည်အချို့ဆီက ခန့်မှန်းသိရတယ်။ မကွေးတိုင်းဒေသကြီးက ထွက်ရှိတဲ့နှမ်းတွေကို ပြည်တွင်း ဈေးကွက် မန္တလေး၊ ရန်ကုန်တို့အပြင် တရုတ်၊ ကိုရီးယားနဲ့ ဂျပန်နိုင်ငံကို တင်ပို့နိုင်ကြောင်းသိရတယ်။ အခုလက်ရှိ တော့ ဈေးကွက်က အမြင့်ဈေးကနေ တဖြည်းဖြည်းကျလာတဲ့အတွက် အရောင်းအဝယ်အေးနေသလို မိုးနှမ်း ပေါ်ချိန်က ဈေးကွက်နေးနိုင်တယ်”လို့ ဘုရင့်နောင်ကုန်စည်ဒိုင်က နှမ်းကုန်သည် ဦးကျော်ထွန်းကပြော တယ်။

ဘုရင့်နောင်က နှမ်းကုန်သည် နောက်တစ်ဦးဖြစ်တဲ့ ဦးသောင်းဌေးကလည်း တောင်သူတွေအနေနဲ့ စိုက်ပျိုးချိန်နဲ့ ပေါင်းနုတ်ချိန် အလုပ်သမားစရိတ် အရင်းအနှီးစရိတ်တွေ ဈေးမြင့်တက်လို့ နှမ်းထွက်ကောင်းပြီး ဈေးကောင်းရမှ အမြတ်အစွန်းကျန်တယ်လို့ ပြောပါတယ်။ မကွေးက နှမ်းပွဲစား ဦးရာဇာလင်းကတော့ လက်ရှိပေါက်ဈေးထက်ကျရင် တောင်သူတွေ၊ ကုန်သည်တွေ အဆင်မပြေနိုင်ဘူးလို့ဆိုပါတယ်။ အခုနှစ် မိုးရာသီစိုက်ပျိုးချိန် မှာ နှမ်းဧက ၁၈၀၀၀၀ ခန့် စိုက်ပျိုးပြီး မြေပဲဧက ၈၀၀၀၀ ခန့် စိုက်ပျိုးတယ်လို့ သိရတယ်။

**Source:** https://www.kumudranews.com/news-35320?fbclid=IwAR3UuiiePNJ0JSKCmgm_io2Ymv_1UreEAkePZ6-V4dhVZTd6AYJgtKiMX_g

## စားသုံးမှိုဈေးကွက်နဲ့ မျိုးကောင်းရဖို့ခက်ခဲနေ



မြန်မာနိုင်ငံမှာ စားသုံးမှို စိုက်ပျိုးထုတ်လုပ်သူတွေအတွက် အဓိကအခက်အခဲဖြစ်စေတာက ဈေးကွက်ရရှိဖို့ နဲ့ မျိုးကောင်းရရှိဖို့ဖြစ်ပါတယ်။ မြန်မာနိုင်ငံစားသုံးသူမှိုအစုအဖွဲ့ ဥက္ကဋ္ဌ ဦးတင်အောင်က တချို့ တောင် သူတွေ က မျိုးကိုသေချာစိစစ်ပြီးတော့ မယူနိုင်ဘူး၊ အ ထွက်နှုန်းကောင်းတဲ့မျိုး သူ့ဒေသအလိုက် စိုက်နိုင်တဲ့မျိုးလေးကို မှန်မှန်ကန်ကန် အခုလိုစိုက်ပျိုးရေးဦးစီးဌာနနဲ့ မှိုဌာနနဲ့ပေါင်းလုပ်မယ်ဆိုရင်တော့ မျိုးကဏ္ဍကတော်တော်တော့ အဆင်ပြေသွားနိုင်မှာ ပါလို့ ပြောပါတယ်။

စက်တင်ဘာလ ၂၃ ရက်နေ့ နေပြည်တော်မှာ ပြုလုပ်တဲ့ စားသုံးမှိုစိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများ အစု အဖွဲ့ ဖွဲ့စည်းခြင်းအခမ်းအနားမှာ မီဒီယာတွေနဲ့တွေ့ဆုံချိန် အခုလိုပြောတာဖြစ်ပါ တယ်။ လက်ရှိမှာတော့ ပြည်တွင်း စားသုံးမှိုစိုက်ပျိုးမှု ဖွံ့ဖြိုးတိုးတက်ဖို့ စိုက်ပျိုးရေးဦးစီးဌာန၊ မြန်မာနိုင်ငံသစ်သီးဝလံ ပန်းမာန်နှင့်ဟင်းသီးဟင်းရွက်ထုတ်လုပ်တင်ပို့ရောင်းချသူများအသင်းနဲ့ GIZ တို့ပူးပေါင်းပြီး စားသုံးမှိုစိုက်ပျိုးထုတ်လုပ်တင်ပို့ ရောင်းချသူများ အစုအဖွဲ့တွေ ဖွဲ့စည်းနေပြီလို့သိရပါတယ်။ လက်ရှိဖွဲ့စည်းပြီးတဲ့ တိုင်းဒေသကြီးတွေကတော့ ဧရာဝတီတိုင်း၊ ပဲခူးတိုင်းနဲ့ နေပြည်တော်ကောင်စီနယ်မြေတို့ ဖြစ်ပါတယ်။ GIZ အနေနဲ့ကတော့ စားသုံးမှိုစိုက်ပျိုးထုတ်လုပ်သူ တွေကို လိုအပ်တဲ့ နည်းပညာတွေ ဖြန့်ဝေပေးမှာဖြစ်တယ်။ သည်လုပ်ငန်းစဉ်ကိုတော့ သည်နှစ်ကနေ ၂၀၂၂ ခုနှစ် အထိ ဆောင်ရွက်ပေးမယ်လို့ သိရပါတယ်။ ဦးတင်အောင်က သူတို့ကို စွမ်းရည်မြင့်မယ့် သင်တန်းတွေပေးမယ်၊ ဈေးကွက်ကို ချိတ်ဆက်ပေးမယ်၊ အခြောက်ခံနည်းတို့နောက် မှိုနဲ့လုပ်တဲ့ ထုတ်ကုန်အမျိုးမျိုးလုပ်တဲ့နည်းတို့ ဒါတွေကိုနိုင်ငံခြား ပညာရှင် ခေါ်ပြီး သင်ဖို့အစီအစဉ်ရှိပါတယ်လို့ ပြောပါတယ်။ စိုက်ပျိုးရေး ဦးစီးဌာနကတော့ နေပြည်တော်မှာ လက်ရှိမှိုစိုက် ခြံ ငါးခြံရှိပြီး စားသုံးမှို စိုက်ပျိုးထုတ်လုပ်တင်ပို့ ရောင်းချသူများ အစုအဖွဲ့တွေက လိုအပ်တဲ့နည်းပညာတွေ အကူအညီတွ ောင်းရင်ပေးမယ်လို့သိရပါတယ်။

ကော်ဖီရာသီ သီးနှံဌာနခွဲ ညွှန် ကြားရေးမှူး ဦးမြင့်ဆွေက ကျွန်တော်တို့ပညာရှင်များကနေ မှိုစိုက်ပျိုးထုတ်လုပ်မှု သင်တန်းများကို ဒီထက်ပိုကျယ်ကျယ်ပြန့်ပြန့် သင်တန်းပေးခြင်း၊ တောင်သူများ မှိုစိုက်ပျိုးထုတ်လုပ်နေရာ မှာ

နည်းပညာများပေးခြင်း၊ ကူညီပြသပေးခြင်းများဆောင်ရွက်သွားမယ်လို့ ပြောတယ်။ လက်ရှိမှာတော့ မြန်မာနိုင်ငံ မှာ စားသုံးမှုကိုစိုက်ပျိုးသူအနည်းစုသာရှိပါသေးတယ်။ ပြည်တွင်းစားသုံးမှုအတွက် ထိုင်း၊ တရုတ် စတဲ့ နိုင်ငံတွေကနေ အများဆုံးတင်သွင်းနေရတာဖြစ်ပါတယ်။

**Source:** https://www.kumudranews.com/news-35317?fbclid=IwAR0GhUF9iNwUKM_hLGhOslT-leILItn NG1cp_U436or56tKnmjljKh6r7n0

## မြန်မာ့ကော်ဖီပွဲတော် (Coffee–Fair 2019) ကျင်းပသွားမည်



မြန်မာ့ကော်ဖီပွဲတော်၂၀၁၉ ( Coffee–Fair 2019 )ကို မန္တလေးတိုင်းဒေသကြီး၊ မန္တလာသီရိအားကစားကွင်းမှာ အောက်တိုဘာလ (၇) ရက်နေ့မှာ ကျင်းပပြုလုပ်သွားမှာဖြစ်ကြောင်း မြန်မာနိုင်ငံကော်ဖီအသင်းမှ သိရပါတယ်။ မြန်မာ့ကော်ဖီအရည်အသွေးမြှင့်တင်နိုင်ရေးအတွက်ရည်ရွယ်ကာ သက်ဆိုင်ရာဌာနတွေနဲ့ပူးပေါင်းပြီး မြန်မာ့ကော်ဖီပွဲတော် ၂၀၁၉ ကို ကျင်းပရတာဖြစ်တယ်လို့ မြန်မာနိုင်ငံကော်ဖီအသင်းမှ ပွဲစီစဉ်သူ ဒေါ်စိုးစိုးမွန်ကပြောပါတယ်။ အဆိုပါပွဲတော်ကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာနနဲ့ မြန်မာနိုင်ငံကော်ဖီအသင်းတို့မှ ပူးပေါင်းဆောင်ရွက်တာဖြစ်ကြောင်း အဆိုပါအသင်းမှသိရပါတယ်။

Coffee–Fair 2019 ပွဲမှာ ကော်ဖီစိုက်ပျိုးထုတ်လုပ်သူအစုအဖွဲ့များ၊ တင်ပို့သူ၊ တင်သွင်းသူများ ၊ ကြိတ်ခွဲထုတ်လုပ်သူများ၊ ကော်ဖီနဲ့ဆက်စပ်သော လှော်စက်၊ ဖျော်စက် စက်ကိရိယာထုတ်လုပ်သူများ၊ စားသောက်ကုန်ထုတ် လုပ်ငန်းရှင်များ အနေနဲ့ ပြခန်းများ ခင်းကျင်းပြသလိုပါက မြန်မာနိုင်ငံကော်ဖီအသင်းကို ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ကြောင်းသိရပါတယ်။

**Source:** https://greenwaymyanmar.com/posts/held_coffee_fair_2019

## ကမ္ဘာ့ရေနံဈေး တစ်စည် ၅၆ ဒေါ်လာဝန်းကျင်သို့ ပြန်ကျလာသော်လည်း ပြည်တွင်းစက်သုံးဆီဈေးနှုန်းများ အမြင့်ဈေးတွင်ဆက်ရှိပြီး ရက် ၄၀ ဝန်းကျင်အတွင်း တစ်လီတာ ကျပ် ၁၃၀ အထိမြင့်တက်ခဲ့

စက်တင်ဘာ၂၇ ရက်တွင် ကမ္ဘာ့ရေနံဈေး ၅၆ ဒေါ်လာဝန်းကျင်သို့ ပြန်ကျလာသော်လည်း ပြည်တွင်းစက်သုံးဆီဈေးနှုန်းများ အမြင့်ဈေးတွင် ဆက်ရှိပြီး ရက် ၄၀ ဝန်းကျင်အတွင်း ကျပ် ၁၃၀ အထိ မြင့်တက်ခဲ့ကြောင်း စက်သုံးဆီအရောင်းဆိုင်များ၏ နေ့စဉ်ရောင်းချနေသော ဈေးနှုန်းများအရသိရသည်။ ကမ္ဘာ့ရေနံဈေးနှုန်းသည် ၂၀၁၈ ခုနှစ် အောက်တိုဘာ ၃ ရက် တွင် ၇၆ ဒေါ်လာအထိ မြင့်တက်ခဲ့သည်။ ထို့နောက် ရေနံဈေးနှုန်းများ ပြန်လည်ကျဆင်းခဲ့ရာ ဒီဇင်ဘာ ၂၄ ရက်တွင် ၄၂ ဒေါ်လာဝန်းကျင်အထိ ရောက်ခဲ့သည်။ ၂၀၁၉ ခုနှစ် ဇန်နဝါ ရီ ၂၁ ရက်တွင် ၅၄ ဒေါ်လာဝန်းကျင်၊ ဇန်နဝါရီ ၂၉ ရက်တွင် ၅၂ ဒေါ်လာ၊ မတ် ၂၀ ရက်တွင် ဒေါ်လာ ၆၀၊ ဧပြီ ၁၆ ရက်တွင် ၆၄ ဒေါ်လာ၊ ဧပြီ ၂၃ ရက်တွင် ၆၆ ဒေါ်လာအထိ ပြန် တက်ခဲ့သည်။ ထို့နောက် ဇွန် ၁၂ ရက်တွင် ၅၁ ဒေါ်လာအထိ ကျဆင်း ခဲ့ပြီး ဇူလိုင် ၁၀ ရက်တွင် ဒေါ်လာ ၆၀ အထက်ပြန်ရောက်ကာ ဩဂုတ် ၇ ရက်တွင် ၅၁ ဒေါ်လာအထိ ပြန်ကျခဲ့သည်။ စက်တင်ဘာ ၃ ရက်၌ ၅၃ ဒေါ်လာဝန်းကျင်အထိ ကျဆင်းခဲ့ပြီး စက်တင်ဘာ ၁၆ ရက်တွင် ၆၂ ဒေါ်လာဝန်းကျင်အထိမြင့်တက်ကာ စက်တင်ဘာ ၂၇ ရက်တွင် ၅၆ ဒေါ်လာအထိ ပြန်ကျခဲ့သည်။

ပြည်တွင်းစက်သုံးဆီဈေးသည် ၂၀၁၉ ခုနှစ် ဇန်နဝါရီလဆန်းမှ မေလကုန်ပိုင်းအထိ ခြောက်လနီးပါးအတွင်း တစ်လီတာ ကျပ် ၁၆၀ မှ ၂၅၅ ကျပ်အထိ ဆက်တိုက်မြင့်တက်ခဲ့ပြီး စက်သုံးဆီအမျိုးအစားအလိုက် ၁၈ ရာခိုင်နှုန်းကျော်မှ ၃၆ ရာခိုင်နှုန်းကျောအထိမြင့်တက်ခဲ့သည်။ ထို့နောက် ကမ္ဘာ့ရေနံဈေး ကျဆင်းမှုကြောင့် မေ ၃၀ ရက်မှ ဇွန် ၂၁ ရက်အတွင်း စက်သုံးဆီအမျိုးအစားအလိုက် ၁၁ ရာခိုင်နှုန်းကျော်မှ ၁၄ ရာ ခိုင်နှုန်းကျော်အထိ ပြန်လည်ကျဆင်းခဲ့သည်။ ဇွန် ၂၁ ရက်မှ ဇူလိုင် ၁၉ ရက်အထိ စက်သုံးဆီဈေးနှုန်းများ သုံးရာခိုင်နှုန်းကျော်မှ လေးရာခိုင်နှုန်းကျော်အထိ ပြန်တက်ခဲ့သည်။ ဇူလိုင် ၁၉ ရက်မှ ဩဂုတ် ၁၀ ရက်အတွင်း သုံးရာခိုင်နှုန်းကျော်မှ ငါးရာခိုင်နှုန်းကျော်အထိ ဈေးနှုန်းများပြန်ကျလာပြီး ဩဂုတ် ၁၅ ရက်မှစတင်ကာ စက်သုံးဆီဈေးများ ပြန်တက်လာခြင်းဖြစ်သည်။ စက်တင်ဘာ ၂၄ ရက်တွင် ပြည်တွင်းစက်သုံးဆီဆိုင်အချို့တွင် ရောင်းချခဲ့သော ဈေးနှုန်းမှာ ဒီဇယ် တစ်လီတာ ကျပ် ၉၆၀ (တစ်ဂါလန် ၄၃၆၄ ကျပ်)၊ ပရီမီယံဒီဇယ်တစ်လီတာ ကျပ် ၉၇၀ (တစ်ဂါလန် ၄၄၀၉ ကျပ်)၊ အောက်တိန်း 92 Ron တစ် လီတာ ၈၆၅ ကျပ် (တစ်ဂါလန် ၃၉၃၂ ကျပ်) အောက်တိန်း 95 Ron တစ်လီတာ ၉၅၅ ကျပ် (တစ်ဂါ လန် ၄၃၄၁ ကျပ်) ဖြစ်ပြီး ဩဂုတ် ၁၄ ရက်ဈေးထက် တစ်လီတာကျပ် ၈၀ အထိ၊

စက်တင်ဘာ ၁၅ ရက်ဈေးထက် တစ်လီတာ ကျပ် ၅၀ အထိ မြင့်တက်လာခဲ့သည်။ စက်တင်ဘာ စတုတ္ထပတ်တွင် ကမ္ဘာ့ရေနံဈေး ကျဆင်းမှုနှင့်အတူ စက်တင်ဘာ ၂၅ ရက်မှစတင်ကာ ပြည်တွင်းစက်သုံးဆီဈေးနှုန်းများ တစ်လီတာ ကျပ် ၁၀ စီ ပြန်လည်ကျဆင်းခဲ့သည်။

ဒေါ်လာဈေးနှင့် ကမ္ဘာ့ရေနံဈေးနှုန်း အပြိုင်မြင့်တက်ခဲ့သည့် ၂၀၁၈ ခုနှစ် ဖွန်လမှ အောက်တိုဘာအထိ လေးလကျော် အတွင်း ပြည်တွင်းစက်သုံးဆီဈေးနှုန်း ၂၁ ရာခိုင်နှုန်းကျော်မြင့်တက်ခဲ့ပြီး တစ်လီတာ စံချိန်တင်ဈေးနှုန်းများအနေဖြင့် ၂၀၁၈ ခုနှစ် အောက်တိုဘာ ၁၀ ရက်တွင် 92 Ron ၁၀၆၅ ကျပ်၊ 95 Ron ၁၁၁၅ ကျပ်၊ ဒီဇယ် ၁၀၉၅ ကျပ်၊ ပရီမီယံဒီဇယ် ၁၁၀၅ ကျပ်အထိ ဖြစ်ပေါ်ခဲ့သည်။ ၂၀၁၈ ခုနှစ် အောက်တိုဘာအတွင်း ဖြစ်ပေါ်ခဲ့သည့်စံချိန်တင် ဈေးနှုန်းနောက်ပိုင်း ၂၀၁၉ ခုနှစ် ဇန်နဝါရီ ၃ ရက်တွင် အနိမ့်ဆုံးဈေးနှုန်းအဖြစ် ဒီဇယ်တစ်လီတာ ကျပ် ၈၅၀ (တစ်ဂါလန် ၃၈၅၉ ကျပ်) ပရီမီယံဒီဇယ်တစ်လီတာ ကျပ် ၈၅၅ (တစ် ဂါလန် ၃၈၈၁ ကျပ်)၊ အောက်တိန်း 92 Ron တစ်လီတာ ကျပ် ၆၇၀ (တစ် ဂါလန် ၃၀၄၁ ကျပ်) အောက်တိန်း 95 Ron တစ်လီတာ ကျပ် ၇၃၀ (တစ်ဂါလန် ၃၃၁၄ ကျပ်) အထိ ကျဆင်းခဲ့သည်။

၂၀၁၉ ခုနှစ်အတွင်း လအလိုက်၊ စက်သုံးဆီဈေးနှုန်း (လီတာ) များအလိုက် မြင့်တက်ခဲ့သော ပမာဏများမှာ ဇန်နဝါရီတွင် ၂၅ ကျပ်မှ ကျပ် ၆၀ အထိ၊ ဖေဖော်ဝါရီတွင် ကျပ် ၄၀၊ မတ်တွင် ၅၅ ကျပ်မှ ကျပ်၈၀ အထိ၊ ဧပြီတွင် ၃၅ ကျပ်မှ ၆၅ ကျပ်အထိ ဈေးနှုန်းများ ဆက်လက်မြင့်တက်ခဲ့ပြီး မေလတွင် အတက်အကျနည်းပါး ကာ ဇွန်လ (၂၁ ရက်အထိ) တွင် ကျပ် ၁၁၀ မှ ကျပ် ၁၃၀ အထိ ပြန်လည်ကျဆင်းခဲ့သည်။ ထို့နောက် ဇွန် ၂၁ ရက် မှ ဇူလိုင် ၁၅ ရက်အတွင်း တစ်လီတာ ၃၅ ကျပ် ပြန်လည်မြင့်တက်ခဲ့ပြီး ဇူလိုင် ၁၉ ရက်မှ ဩဂုတ် ၁၀ ရက်အ ထိ တစ်လီတာ ၃၅ ကျပ်မှ ကျပ် ၅၀ အထိ ပြန်လည်ကျဆင်းကာ ဩဂုတ် ၁၄ ရက်မှ စက်တင်ဘာ ၂၄ ရက်အ တွင်း တစ်လီတာကျပ် ၁၃၀ အထိပြန်တက်ခဲ့ခြင်းဖြစ်သည်။

**Source: Eleven Media Group**

https://www.facebook.com/dootcheck.aleksander/posts/2361766270743316

## အခွန်အကောက်တွေကြောင့် တစ်ကမ္ဘာလုံး recession ထဲ ကျသွားနိုင်ဟု တရုတ်သတိပေး

အခွန်အကောက်တွေနဲ့ ကုန်သွယ်ရေးအငြင်းပွားမှုတွေကြောင့် တစ်ကမ္ဘာလုံးကို စီးပွားရေးဆုတ်ယုတ်မှု (recession) ထဲကို ရောက်သွားနိုင်စေတယ်ဆိုပြီး တရုတ်နိုင်ငံခြားရေးဝန်ကြီးက ကုလသမဂ္ဂကိုပြောကြားလိုက်ပါတယ်။ တရုတ် အစိုးရအနေနဲ့ကတော့ တည်ငြိမ်စဉ်းစားချင့်ချိန်ပြီးပူးပေါင်းဆောင်ရွက်တဲ့ လမ်းကြောင်းကနေတဆင့် ပြေလည်အောင် ဖြေရှင်းသွားမှာဖြစ်တယ်လို့လည်း တရုတ်နိုင်ငံတော်ကောင်စီဝင်၊ နိုင်ငံခြားရေးဝန်ကြီး Wang Yi က ပြောသွားခဲ့ပါတယ်။ နှစ်စဉ်ကျင်းပနေကျ ကုလသမဂ္ဂအထွေထွေညီလာခံအစည်းအဝေးမှာ Wang Yi က တက်ရောက်စကားပြောစဉ် အထက်ပါ အတိုင်းပြောဆိုသွားတာဖြစ်ပါတယ်။ တံတိုင်းတွေဆောက်တာက တစ်ကမ္ဘာလုံးရဲ့စိန်ခေါ်မှုတွေကို ပြေလည်စေမှာ မဟုတ်ပါဘူး၊ ဒီလိုပဲ မိမိတို့ရဲ့ ကိုယ်ပိုင်ပြဿနာတွေအတွက် သူတစ်ပါးကိုအပြစ်ပုံချတာကလည်း ဘာမှအလုပ်ဖြစ်မှာ မဟုတ်ပါဘူး၊ နောက်ပြီး Great Depression ကနေပေးတဲ့ သင်ခန်းစာတွေကိုလည်း မေ့ထားလို့မရပါဘူးဆိုပြီး Wang Yi က ပြောခဲ့ပါတယ်။ ဒါဟာ တရုတ်နဲ့အကြား ၁၅ လတာနီးပါးကြာ ကုန်သွယ်ရေးစစ်တစ်ခုကို အစပျိုးစေခဲ့တဲ့ အမေရိကန်သမ္မတ Donald Trump ကို ရည်ရွယ်တယ်ဆိုတာလည်း ထင်ရှားနေခဲ့ပါတယ်။ ဒါပေမယ့်လည်း တရုတ်နိုင်ငံခြားရေးဝန်ကြီးကတော့ အမေရိကန်သမ္မတ Trump နာမည်ကို အမည်တပ်ပြောဆိုသွားခြင်းတော့မရှိပါဘူး။ အခွန်အကောက်တွေ၊ ကုန်သွယ်ရေး အငြင်းပွားမှုတွေက နိုင်ငံပေါင်းစုံ ကုန်သွယ်မှုစနစ်၊ ကမ္ဘာ့စီးပွားရေးကို တိုက်စားစေပါတယ်၊ ဒါတွေက တစ်ကမ္ဘာလုံးကို စီးပွားရေးဆုတ်ယုတ်မှုထဲတောင် ထိုးကျသွားကောင်းသွားစေနိုင်ပါတယ်ဆိုပြီး Wang Yi က ပြောသွားပါတယ်။

**Source:** https://www.channelnewsasia.com/.../in-swipe-at-trump--china-...

SFJ Strategy First Journal

## မိုးရွာသွန်းမှုအခြေအနေကောင်းမွန်လာသဖြင့် အိန္ဒိယပဲမျိုးစုံအထွက်ကောင်းနိုင်

အိန္ဒိယနိုင်ငံ၏နွေသီးနှံသည် တာထွက်ညံ့ခဲ့သော်လည်း ယခုအခါ အခြေအနေမှာ ပြန်လည်နာလန်ထူလာပြီဖြစ် ကြောင်းနှင့် အကောင်းဘက်သို့ ဦးတည်လာနေပြီဖြစ်ကြောင်း လေ့လာဆန်းစစ်သူတို့၏ ပြောကြားချက်ကိုကိုးကား၍ Producer.com ဝက်ဘ်ဆိုက်သတင်းတွင်ဖော်ပြသည်။ မုတ်သုံမိုးရွာသွန်းမှုသည် ဇွန် ၁ ရက်မှဇူလိုင် ၁၉ ရက်အထိ ကာလ

အတွင်း ပုံမှန်ရွာသွန်းမြဲအောက် ၁၈ ရာခိုင်နှုန်း ကျဆင်းခဲ့သော်လည်း ဇွန် ၁ ရက်မှ စက်တင်ဘာ ၁၁ ရက်အထိကာလကို ကြည့်ပါက ပျမ်းမျှရွာသွန်းမှုအထက်၁၉ ရာခိုင်နှုန်းမြင့်မားခဲ့သည်။

ဇူလိုင် ၁၉ ရက်အထိ ပဲသီးနှံစိုက်ပျိုးမှု အခြေအနေမှာ ယခင်နှစ် ကထက် ဧကနှစ်သန်းကျော်ပိုမိုခဲ့ပြီး စက်တင်ဘာ ၁၃ ရက်အထိ အခြေအနေမှာ တိုးတက်ကောင်းမွန်လျက်ရှိသည်။ အလားအလာအရ သီးနှံအထွက်ကောင်းပါမယ်ဟု ကိုစတယ်အက် အတိုင်ပင်ခံအဖွဲ့ဥက္ကဋ္ဌ ဂရက်ကိုစတယ်ကပြောသည်။ နွေစိုက်သီးနှံအခြေအနေမှာ ကျဆင်းနိုင်မည့်အလားအလာမရှိကြောင်းနှင့် မုတ်သုံမိုးကြောင့် တာတမံများရေပိုပြည့်လာပြီး ဆောင်းရာသီ သီးနှံအထွက်ကောင်းအောင် အထောက်အကူပေးလိမ့်မည်ဟု သူကပြောသည်။ ဤအခြေအနေက ကနေဒါနိုင်ငံမှ ပဲစိုက်တောင်သူများ၊ ကြိတ်ခွဲပြုပြင်သူများနှင့် ပို့ကုန်လုပ်ငန်းရှင်များအတွက် စိုးရိမ်စရာဖြစ်ရသည်။ အိန္ဒိယအစိုးရ၏ လက်ထဲတွင် ကြားခံသိုလှောင်ထားသော ပဲကမာဏမှာ အမြောက်အမြားရှိပြီး တန်ချိန် ၃ဒသမ ၅ သန်းခန့်ရှိနိုင်ကြောင်း အိန္ဒိယကုန်စည်ပွဲရုံ လုပ်ငန်း JLV Agro ၏ ဒါရိုက်တာဖြစ်သူ ဗီဗစ်အက်ဂရာဝါကပြောသည်။

**Source:** https://www.facebook.com/SFJWeekly/posts/2684692521618023?__tn__=K-R

## STOCK EXCHANGE (30.9.2019)

YANGON STOCK EXCHANGE

Market Data | Listed Company | Regulations | Learning | Trading | Listing on YSX | About YSX

Home > Market Data > Stock trading data

### Stock trading data

As of 30th Sep. 2019

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 12,000 | +500 | +4.35% | 11,500 | 12,000 | 11,500 | 2,316 | 27,559,000 | 27,112,747 | 325,353 |
| MTSH | 00002 | 4,100 | +0 | +0.00% | 4,200 | 4,200 | 4,100 | 7,673 | 31,698,100 | 38,929,150 | 159,610 |
| MCB | 00003 | 8,200 | -200 | -2.38% | 8,200 | 8,200 | 8,200 | 10 | 82,000 | 10,400,986 | 85,288 |
| FPB | 00004 | 26,000 | +0 | +0.00% | 26,000 | 26,500 | 26,000 | 1,417 | 36,844,500 | 2,472,053 | 64,273 |
| TMH | 00005 | 3,000 | +0 | +0.00% | 3,050 | 3,050 | 3,000 | 1,088 | 3,265,100 | 12,823,224 | 38,470 |

### Market summary

As of 30th Sep. 2019

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 491.48 | +8.38 | +1.73% | 486.41 | 494.37 | 481.58 | 12,504 | 99,448,700 | 5 | 672,994 |

**Index chart**



## Market Overview

As of 1:00 pm, 30th Sep. 2019

| MYANPIX | 491.48 ▲ 8.38 |
|---|---|
| Total Volume (shares) | 12,504 |
| Total Value (MMK) | 99 mil |
| Listed Company | 5 |
| Market Cap. (MMK) | 672,994 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 12,000 | ▲ 500 |
| MTSH | 00002 | 4,100 | ▲ 0 |
| MCB | 00003 | 8,200 | ▼ 200 |
| FPB | 00004 | 26,000 | ▲ 0 |
| TMH | 00005 | 3,000 | ▲ 0 |

TIR